# CBDRR**Practice**

**Case***Studies*



# ၅

## ရပ်ရွာလူထုဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးကြိုတင်ပြင်ဆင်မှုများကိုကစားနည်းများဖြင့်ကစားခြင်း၊သဏ္ဍာန်တူလေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် ပညာပေးအထောက်အကူပစ္စည်းများဖြန့်ဝေခြင်းတို့ဖြင့်ဆောင်ရွက်ခြင်း


## အနှစ်ချုပ်

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိဒေသနှင့် အလွှာအသီးသီးတွင် ဘေးအန္တရာယ်ကျရောက်မှုအသိပညာတိုးပွားရေးလိုအပ်ချက်များကိုလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှဦးဆောင်၍ အသိပညာပေးအစီအစဉ်များ၊သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ ပညာပေးအစီအစဉ်များ၊အမျိုးမျိုးသောပညာပေးလက်ကမ်းစာဆောင်များ၊လက်စွဲစာအုပ် များဖြန့်ဝေခြင်း၊လက်တွေ့လေ့ကျင့်ခြင်းများနှင့် လက်တွေ့သရုပ်ပြခြင်းအစရှိသောဆက်သွယ်ရေးနှင့်လူထုပညာပေး အထောက်အကူပစ္စည်းများကိုရေးသားပုံနှိပ်ဖြန့်ဝေလုပ်ဆောင်သည်။ထိုလုပ်ဆောင်ချက်များသည်အဓိကပရိတ်သတ်(၃)မျိုးကိုဦးတည်ပါသည်။ ၄င်းတို့မှာရပ်ရွာလူထု/အိမ် ထောင်စု၊ကျောင်းသူ/သားများနှင့်ဆရာ/မများနှင့် ဘေးအန္တရာယ်လျော့ပါးရေးကိုလက်တွေ့လုပ်ဆောင်နေသူများဖြစ်ပါသည်။ယခုလေ့လာပြုစုထားသောမှတ်တမ်းသည်မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှကြီးမှူးလုပ်ဆောင်လျှက်ရှိသော ဦးတည်ထားသောအုပ်စုများအသိပညာတိုးပွားလာစေရန် ပံ့ပိုးပေးသောအချက်အလက်ကြောင်း အရာများကို ထုတ်ဖော်တင်ပြခြင်းကြုံတွေ့ရသောအခက်အခဲများကိုမှတ်တမ်းတင်ခြင်းနှင့်လုပ်ဆောင်ချက်များမှရရှိလာသောသင်ခန်းစာများကို ပြန်လည်လေ့လာခြင်းဖြစ်သည်။


မာတိကာ


+ ရပ်ရွာလူထုအတွင်းဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအသိပညာပေးခြင်း ၂
+ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလုပ်ဆောင်လျှက်ရှိသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်း အစီအစဉ်များတွင်ဘေးအန္တရာယ်ကျရောက်မှုလျော့ချရေးအသိပညာများတိုးမြှင့်ပေးခြင်း ၃
+ ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ ၉
+ ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ ၁၀
+ ကျမ်းကိုးစာရင်း ၁၁

## လူထုအတွင်းဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးပညာပေးခြင်း

ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးအတွက် လူထုအသိပညာပြန့်ပွားရေးနှင့်ပညာပေးခြင်းသည်နေရာနယ်ပါယ်အသီးသီးတွင်နေထိုင်ကြသောသူများကိုနောင်တွေ့ကြုံရမည့်ဘေးအန္တရာယ်ကျရောက်မှုများလျော့ချရေး လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နိုင်ရန်အားပေးသည်။ ကြက်ခြေနီနှင့်လခြမ်းနီအသင်းတွင်ထုံးတမ်းစဉ်လာအရလူထုအား အသိပညာပေးလုပ်ငန်းများလုပ်ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချပြီးစဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသောရပ်ရွာဖြစ်နိုင်ရန်လှုံ့ဆော်မှုများပြုလုပ်ခြင်း၊ အရပ်သုံးစကားဖြင့်လူထုနားလည်အောင်ပညာပေး ခြင်း၊လူထုကိုယ်တိုင်ပါဝင်မှုဖြင့်လေ့လာသင်ယူခြင်းများ၊နှင့်ကျောင်းအခြေပြုအကောင်ထည်ဖော်လုပ်ဆောင်ခြင်းများ လုပ်လျှက်ရှိပါသည်။ ယင်းလုပ်ငန်းများကိုကူညီထောက်ပံ့ပေး နိုင်ရန် မြန်မာနိုင်ငံကြက်ခြေနီအသင်းအပါအဝင် နိုင်ငံအဆင့်ကြက်ခြေနီအသင်းအဖွဲ့များ၊ ဌာနများနှင့် စီမံချက်အစီအစဉ်များတွင်များပြားသောသင်ထောက်ကူ ပစ္စည်းများကို ပြင်ဆင်ထုတ်ဝေထားပါသည်။ (IFRC, ၂၀၁၁)

၂၀၀၀ပြည့်နှစ်အစောပိုင်းကာလကတည်းက ဘေးအန္တရာယ် ကျရောက်မှုလျှော့ချရေးကွင်းဆင်လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ ရာတွင်မြန် မာနိုင်ငံကြက်ခြေနီအသင်းသည်နှစ်ပေါင်းများစွာ ဘေးအန္တရာယ်အသေးအကြီးအခွဲခြားပဲတုန့်ပြန်မှုလုပ်ငန်းများတွင်ပါဝင်လုပ်ဆောင်ခဲ့ရာ ဘေးအန္တရာယ်ကျရောက်မှုဒဏ်ကြောင့်လူမှုရေးနှင့် စီပွားရေးထိခိုက်ဆုံးရှုံးမှုများကို ကြုံတွေ့ခံစားခဲ့ရပါသည်။ ထို့အတွက်ကြောင့်ဘေးအန္တရာယ် ထိခိုက်ခံရလွယ်မှုများကို ဖြစ်စေသောအချက်များလျော့နည်းသွားစေရန်အလို့ငှာ ရာထူးဌာနနယ်ပါယ်အဆင့်ဆင့်တိုင်းတွင်(ဆုံးဖြတ်ချက်ချမည့်သူများ၊အဓိက ပါဝင်ပါတ်သက်နေသူများ၊ ရွာလူကြီးများ၊ကျောင်းသူ/ သားများ)ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေးကျယ်ပြန့်ထွန်းကားအောင်လုပ်ဆောင်ခြင်းအား ထိုက်တန်စွာအသိအမှတ်ပြုထားပါသည်။ ထိုလိုအပ်ချက်များအတွက်မြန်မာနိုင်ငံကြက်ခြေနီအသင်းကယခင်နှင့်လက်ရှိလုပ်ဆောင်နေသော အစီအစဉ်များတွင်များစွာသောဆက်သွယ်ပြန်ကြားရေးနှင့် လူထုပညာပေးသင်ထောက်ကူ ပစ္စည်းများကိုထည့်သွင်းစဉ်းစားလုပ်ဆောင်ထားပါသည်။ ဤလုပ်ငန်းအစီအစဉ်များသည်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏စံလုပ်ဆောင်ချက်များနှင့်ကိုက်ညီနေပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၁၀ခုနှစ် ဘေးဒုက္ခစီမံခန့်ခွဲရေးမူဝါဒတွင်ရပ်ရွာလူထုလူထုလုံခြုံစိတ်ချမှုနှင့်ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မှုအားအခြေခံအစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ပြထားခြင်းကို အောက်ပါတိုင်းတာမှုများနှင့်အတူသိရှိရပါသည်။

- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် သဘာဝဘေးများ၊ဆုံးရှုံးနစ်နာနိုင်ခြေများ၊အန္တရာယ်ကျရောက်နိုင်မှုအလားအလာများ၊ ယင်းတို့အတွက်တုံ့ပြန်ဆောင်ရွက်နိုင်သည့်နည်းလမ်းများစသည်တို့နှင့်စပ်လျဉ်းသည့်အသိပညာများကို လူမှုအဖွဲ့အစည်းများ၊ ကျောင်းများတွင်လူထုကြိုတင်သတိရှိမှုများမွေးထုတ်နိုင်ရန်အတွက် လူမှုရေးဆိုင်ရာစုစည်းမှုအခမ်းအနားများ၊ပွဲများကျင်းပနိုင်ရေးက စည်းရုံးဆောင်ရွက်သွားရန်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ကြိုတင်သတိပေးချက်များရရှိရေး၊သဘာဝဘေးလျော့ပါးရေးအတွက်အဆောက်အဦဆိုင်ရာနှင့်အဆောက်အဦနှင့်မဆိုင်သော ပြင်ဆင်မှုလုပ်ငန်းများပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကြောင်းမှုများအား အကာအကွယ်ပေးခြင်းစသည်လူမှုအဖွဲ့အစည်းအခြေပြု ကနဦးလုပ်ဆောင်မှုများကို အထူးသဖြင့်ပျက်စီးဆုံးရှုံးနိုင်ခြေအလွန်မြင့်မားသောရပ်ရွာအုပ်စုများတွင်အရှိန်အဟုန်မြင့်မားလာစေရေးအကူအညီပေးသွားရန်။
- မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် သင်ကြားမှုလုပ်ငန်းများအတွက်သင်ကြားမှုနှင့်ထောက်ခံမှုများပြန့်ပွားအောင်လုပ်ဆောင်မှုအထောက်အကူပြုပစ္စည်းများကိုစီစဉ်အကောင်ထည်ဖော်၍ဖြန့်ဖြူးသွားရန်။

အရင်းအမြစ်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးမူဝါဒ၂၀၁၀



အမျိုးမျိုးသောဘေး အန္တရာယ်အကြောင်းနှင့်ကြိုတင်ကာကွယ်လုပ်ဆောင်မှုများကိုပြသောပိုစတာကြီးများ

အဘယ်ကြောင့်ဆိုသော် စံလုပ်ဆောင်ချက်၏ အောက်တွင်ဘေးအန္တရာယ်ကျရောက်မှုပညာပေး အထောက်အကူပစ္စည်းများရေးဆွဲထုတ်ဝေခြင်းသည်လူထု၏စိတ်ဝင်စားမှုနှင့်အသိပညာဗဟုသုတများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်အခြေခံကြသည်ဟုဖေါ်ပြထားပါသည်။

## မြန်မာနိုင်ငံကြက်ခြေနီအသင်းက လုပ်ဆောင်လျှက် ရှိသောဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအစီအစဉ်များတွင်ဘေးအန္တရာယ်ကျရောက်မှုလျှော့ချရေး အသိပညာများတိုးမြှင့်ပေးခြင်း

မြန်မာနိုင်ကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲမှုဌာန[၁] မှ လုပ်ဆောင်နေသောဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းအစီအစဉ်များသည်အများ၏ယေဘုယျရည် ရွယ်ချက်မှာရပ်ရွာလူထုအဆင့်တွင်ဘေးအန္တရာယ်လုံ ခြုံမှုရရှိရေးအလေ့အထထွန်းကားလာအောင်ပြုစုပျိုးထောင်ရန် ဖြစ်သည်။

၁ ရပ်ရွာအခြေပြုဘေးအန္တရာယလျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များကို ၂၀၀၈ ခုနှစ်ကတည်းက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ကူညီထောက်ပံ့မှုဖြင့်လုပ်ဆောင်ခဲပါသည်။နောင်လာမည့်၂၀၁၃ခုနှစ်တွင်ရပ်ရွာအခြေပြုဘေးအန္တရာယလျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် များအတွက် စင်္ကာပူကြက်ခြေနီအသင်းကကူညီ ထောက်ပံ့ပေးခဲ့ပါသည်။ မြို့ပြဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကိုနော်ဝေနိုင်ငံကြက်ခြေနီအသင်းမှပံ့ပိုးကူညီပြီး ရခိုင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြညနယ်အရှေ့ပိုင်းရှိ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ ပါးရေးလုပ်ငန်းအစီအစဉ်များကိုလည်းကူညီ ထောက်ပံ့ ပေးခဲ့ပါသည်။ ၄င်းအစီအစဉ်နှစ်ခုလုံးသည် လက်ရှိအနေအထားအရ နှစ်နှစ် (၂၀၁၃–၂၀၁၄)ပြုလုပ်ရန်လျာထားပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ရပ်ရွာ အခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအစီအစဉ်များကို ဟောင်ကောင်ကြက်ခြေနီမှ ကူညီထောက်ပံ့ပေးပြီးနှစ်နှစ်(၂၀၁၃၂၀၁၄)ကြာမြင့်ပါမည်။ ပြင်သစ်ကြက်ခြေနီနှင့် ကနေဒါနိုင်ငံကြက်ခြေနီ အသင်းတို့၏ပံ့ပိုးကူညီမှုဖြင့်လုပ်ဆောင်နေသော ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအစီအစဉ်များသည် ၅ နှစ်ကျော်ကြာမျှအကောင်ထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။



ထိုရည်ရွယ်ချက်များကိုအကောင်ထည်ဖော်ရာတွင် ကျေးရွာ/ ရပ်ကွက်ထဲ၌ကစားနည်းများဖြင့်လည်းကောင်း၊ သဏ္ဍာန်တူလေ့ကျင့် ခန်းများလုပ်ဆောင်ခြင်းဖြင့်လည်းကောင်း၊ ပညာပေးအထောက်ကူပြုပစ္စည်းများဖြန့်ဝေခြင်းဖြင့်လည်းကောင်းလုပ်ဆောင်ပါသည်။

ယေဘုယျအားဖြင့်ဘေးအန္တရာယ်လျော့ပါးရေးတွင်ပြန်ကြားရေးနှင့်ပညာပေးအထောက်အကူပစ္စည်းများကိုအသုံးပြုမည့်သူများကိုအောက်ပါအတိုင်းအမျိုးအစားသုံးမျိုးခွဲခြားထားပါသည်။

- **ရပ်ရွာနှင့်အိမ်ထောင်စုအဆင့်**။ ရပ်ကွက်လူထု၏ ဘေးအန္တရာယ်ကျရောက်မှုလျှော့ချရေး အသိပညာနှင့်နားလည်မှုမြင့်မားစေပြီးဘေးအန္တရာယ်ကျရောက်ချိန်တွင် ရင်ဆိုင်ဖြေရှင်းနိုင်စေရန်အစီစဉ်များကြိုတင်ရေးဆွဲပြီးအတူတကွလုပ်ဆောင်နိုင်ပါသည်။အဓိကအချက်မှာရပ်ရွာလူထုနှင့်မိသားစုဝင်တိုင်း ကျရောက်နိုင်ခြေရှိသည့်မည်သည့် ဘေးအန္တရာယ်မျိုးမဆိုကြိုတင်ပြင်ဆင်ပြုနိုင်ရန်ဖြစ်သည်။ ပုံမှန်အားဖြင့်လေ့ကျင့်ထားသောကြက်ခြေနီစေတနာ့လုပ်အားရှင်များက လုပ်ငန်းစဉ်တစ်လျှောက်လုံးဦးဆောင်ပြီး လိုအပ်သောအကူအညီများကိုပေးပါသည်။
- **ကျောင်းအဆင့်**။ အဓိကရည်ရွယ်ချက်မှာအရေးပေါ်အခြေအနေတွင်ယာယီနားခိုရာစခန်းများအဖြစ်အသုံးပြုတတ်သော ကျောင်းအဆောက်အဦးများပိုမိုခိုင်ခန့်လုံခြုံစေရန်နှင့် ဘေးအန္တရာယ်အသိပညာကြွယ်ဝသောကျောင်းသားမျိုးဆက်သစ်များမွေးထုတ်ပေးရန်ဖြစ်သည်။
- **ကျွမ်းကျင်သူအဆင့်**။ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)ဌာနမှဝန်ထမ်းများနှင့်မြို့နယ်အသင်းခွဲများမှဝန်ထမ်းများ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊တွဲဖက်အစိုးရအဖွဲ့အစည်းများနှင့် မိတ်ဖက်(အစိုးရမဟုတ်သော)အဖွဲ့များသည် လက်တွေ့တွင်ဘေးအန္တရာယ်လျော့ပါးရေး ကြိုတင်လုပ်ဆောင်မှု၌ ကောင်းမွန်စွာကူညီထောက်ပံ့နိုင်ရန်အတွက်ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်၍စွမ်းဆောင်ရည်များမြင့်မားလာစေရန်ဖြစ်ပါသည်။ ဤအုပ်စုအတွက်သင့်တော်သောပညာပေးမှုနှင့် ဆိုင်သောပစ္စည်းများနှင့်လက်တွေ့လုပ်ဆောင်မှုများဖြစ်သည့်သတင်းအချက်အလက်များမျှဝေခြင်းနှင့်ကျွမ်းကျင်မှုများထပ်လောင်း၍ လေ့ကျင့်ပေးခြင်းတို့ကိုလုပ်ဆောင်ပေးပါသည်။

## ရပ်ရွာအခြေပြုဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေးစီမံခန့်ခွဲမှုနှင့်ကျောင်းအခြေပြု ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်တွင်အသိပညာတိုးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်း

### ရပ်ရွာအဆင့်နှင့်အိမ်ထောင်စုအဆင့်တွင်အသိပညာတိုးပွားရေးလုပ်ငန်းများလုပ်ဆောင်ခြင်း

ရပ်ရာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲ မှုအစီအစဉ်သည်ရပ်ရွာ/ ရပ်ကွက်နှင့် အိမ်ထောင်စုအဆင့်တွင် တိုက်ရိုက်ထိတွေ့လုပ်ဆောင်နေရသည်။ ရပ်ရွာပြည်သူလူထုထိခိုက်ခံရွယ်မှုနှင့်စွမ်းဆောင်ရည်အကဲဖြတ်စစ်ဆေးမှုများ (VCA)ပြုလုပ်ရန် ပထမဦးဆုံးကြုံတွေ့ရသောပညာပေးအစီအစဉ်မှာ၄င်းတို့အားရွေးချယ်ခြင်းဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ကရေးသားပြုစုပြီးမြန်မာနိုင်ကြက်ခြေနီအသင်းမှ ဘာသာပြန်ဆိုသောထိခိုက်ခံရွယ်မှုနှင့်စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးမှု (VCA) လမ်းညွှန်ကိုအဓိကမှီငြမ်းကိုယ်းကားထားပါသည်။ရွေးချယ်ထားသောရပ်ရွာလူကြီးများသည် VCA လက်တွေ့လုပ်ဆောင်ခြင်းများနှင့်ပတ်သက် သောသင်တန်းများကိုတက်ရောက် စေပြီးကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊မြို့နယ်ကြက်ခြေနီအဖွဲ့ခွဲဝန်ထမ်းများနှင့်အတူလက်တွေ့လုပ်ဆောင်မှုများတွင်ပါဝင်ဆောင်ရွက်ရပါသည်။

ထိခိုက်ခံရလွယ်မှုနှင့်စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးခြင်းမှရရှိသောရလဒ်များကိုရပ်ရွာအစီအစဉ်ရေးဆွဲခြင်းနှင့်ပညာပေးခြင်းများတွင်အသုံးပြုပြီးဆက်သွယ်ရေးလိုအပ်ချက်များသည် ကြိုတင်ပြင်ဆင်မှုများနှင့် ထိခိုက်မှုလျော့ပါးရေးတိုင်းတာမှုလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။

ထိုစစ်ဆေးခြင်းမှရရှိသောလိုအပ်ချက်များပေါ်တွင် မူတည်၍ရပ်ရွာအဆင့်တွင် ပညာပေးအထောက်အကူပစ္စည်း[၂] များကိုဖြန့်ဝေပေးပါသည်။ ရပ်ရွာအဆင့် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအစီအစဉ်များ အကောင်ထည်ဖော် လုပ်ကိုင်သောအခါတွင်ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါး ရေးစီမံခန့်ခွဲမှု ဆင့်ပွားအဖွဲ့ကရပ်ရွာအဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက် သောသတိပြုနားလည်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ကူညီထောက်ပံ့မှုသာမက မြို့နယ်ကြက်ခြေနီအသင်းခွဲ အထူးသဖြင့်ဒုတပ်ရင်မှူး(2IC) နှင့်CBDRM ညှိနှိုင်းရေးမှူးတို့နှင့်ညှိနှိုင်း ဆောင်ရွက်ရပါသည်။ထိုလုပ်ငန်းများဆောင်ရွက်နေချိန်တွင်ရပ်ရွာလူထုကို အောက်ပါပညာပေးအထောက်ကူပစ္စည်းများနှင့်မိတ်ဆက်ပေးရပါသည်။

- **မုန်တိုင်းနှင့်ပတ်သက်သောစာစောင်သည်** မြန်မာနိုင်ငံတွင်ဝင်ရောက်နိုင်သောမုန်တိုင်းများ၊ ဆိုင်ကလုံးများ၏ အခြေခံသတင်းအချက်အလက်အကြောင်းအရာများ၊ ၎င်းတို့ဖြစ်ပေါ်လာပုံ၊ ၎င်းတို့၏မတူညီသောအားသာချက်များ၊ မုန်တိုင်းသတိပေးနိုးဆော်ချက်များ၊ နှင့်နေအိမ်နှင့်ကျေးရွာ/ ရပ်ကွက်များတွင် မုန်တိုင်းတိုက်ခတ်မှုမတိုင်ခင်/ တိုက်ခတ်ချိန်နှင့်တိုက်ခတ်ပြီးချိန်တွင် မည်သည့်ပြင်ဆင်မှုများပြုလုပ်သင့်သည်ကို ရေးသားဖော်ပြထားပါသည်။
- **ရာသီဥတုပြောင်းလဲခြင်းဆိုင်သိကောင်းစရာများပြယပ်တောင်** ရာသီဥတုဘာကြောင့်ပြောင်းလဲရသည်၊ ရာသီဥတုပြောင်းလဲမှုကြောင့် နောင်ဖြစ်လာမည့်အကျိုးဆက်များကို ရေးသားဖော်ပြထားပါသည်။ စီမံချက်လုပ်ငန်းရှိရာရပ်ရွာတွင် သဏ္ဌာန်တူလေ့ကျင့်ခြင်းနှင့်အထပ်ထပ်အခါခါလေ့ကျင့်ခြင်းများကို ရပ်ရွာလူထု၏လိုအပ်ချက်များပေါ်တွင်မူတည်၍ပြုလုပ်ပေးပါသည်။ဥပမာ–ထိခိုက်မှုနှင့်စွမ်းဆောင်ရည်စစ်ဆေးခြင်း(VCA)စစ်တမ်းကောက်ယူချက်အရ တောင်ဒဂုံကဲ့သို့မီးလောင်ခြေများသောနေရာဒေသတွင် မီးဘေးကြိုတင်ကာကွယ်ရေးလေ့ကျင့်မှုများကိုပြုလုပ်သည်။ဘေးအန္တရာယ်များကိုပိုမိုခြုံငုံမိစေရန် အဓိကဘေးအန္တရာယ်များဖြစ်သောမြေငလျင်၊ မုန်တိုင်း၊ မီးဘေး၊ရေလွှမ်းမိုးမှုစသောလက်ကမ်းစာစောင်များနှင့် မှတ်သုန်ရာသီပြပိုစတာများကိုဦးတည်ကျေးရွာများအားလုံးရှိအိမ်ထောင်စုတိုင်းကိုဝေမျှပေးပါသည်။

[၂] အချို့သောပညာပေးအဆောက်အကူပြုပစ္စည်းများသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မူပိုင်ရေးဖွဲ့ထုတ်ဝေပြီး အချို့မှာအခြား နိုင်ငံတော်၊ဒေသဆိုင်ရာ(သို့အပြည်ပြည်ဆိုင်ရာအဆင့်ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းအဖွဲ့အစည်းများက ရေးဆွဲထားသည်များကိုပြန်လည်ပြင်ဆင်ထုတ်ဝေခြင်းဖြစ်ပါသည်။

ထိုလမ်းကမ်းစာစောင်များတွင်ဘေးအန္တရာယ်ကျရောက်မှု မတိုင်ခင် (ကြိုတင်ပြင်ဆင်မှုများ၊ထိခိုက်မှုလျော့ပါးရေး) လုပ်ငန်းများဆောင်ရွက်ပုံ၊ ဘေးအန္တရာယ်ကျရောက်နေချိန်(တုံ့ပြန်မှုများ)၊ ဘေးအန္တရာယ်ကျရောက်ပြီးချိန်(ပြန်လည်ထူထောင်ရေး)များတွင် ဘာလုပ်ရမည်ကို ရေးသားဖော်ပြ ထားပြီး၊ ဘေးအန္တရာယ်နှင့် မုတ်သုန်ရာသီပြပိုစတာများတွင် ကြိုတင်ပြင်ဆင်မှုများအားနားလည်စေရန်၊ သတိပေးချက်များကိုအရောင်များခွဲ၍ဖော်ပြထားသည့်(အရောင်၅)မျိုးပါရှိပြီးအမြင့်ဆုံးအန္တရာယ်ရှိသောနေရာကို အနီရောင်ဖြင့်ဖော် ပြထားပါသည်။ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိစီမံချက်သတ်မှတ်ထားသောကျေးရွာများတွင် ပညာပေးအထောက်ကူပစ္စည်းများလက်ခံရရှိပြီးသောအခါ မိသားစုများသည်ကိုယ်ပိုင်အရေးပေါ်သုံးပစ္စည်းသေတ္တာများကို ကြက်ခြေနီစေတနာ့လုပ်အားရှင် များ၏အားပေး အကူအညီဖြင့်ပြင်ဆင်ထားကြပါသည်။

စီမံချက်နေရာဒေသများ၏ပြင်ပတွင် နေထိုင်ကြကုန်သောပြည်သူလူထုသည်လည်းရပ်ရွာဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ငန်းများ၏အကျိုးကို ခံစားခွင့်ရကြပါသည်။ အဘယ်ကြောင့်ဆိုသော် မြေငလျင်၊ မီးဘေး၊ ဆိုင်ကလုံးမုန်တိုင်းဘေးနှင့် ရေလွှမ်းမိုးမှုဘေးနှင့်ဆိုင်သောပိုစတာများကို လူသွားလူလာများသောနေရာနှင့်လမ်းစုံလမ်းဂွများတွင် ကပ်ထားသောကြောင့်လူတိုင်းကြည့်ရှုမှတ်သားနိုင်ပါသည်။ အလားတူစွာအသိပညာပေးသတင်းများနှင့်သတိပေးချက်များဖြစ်သာ လက်ဆေးနည်းနှင့်လက်ဆေးရခြင်းအကြောင်းကိုမြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် MRTV4 ရုပ်မြင်သံကြားမှထုတ်လွှင့်ပြီးဘေးအန္တရာယ်ကျရောက်မှု လျော့ပါးရေးကြိုတင်ပြင်ဆင်ထားမှုများနှင့် အသိပညာများ ကို ရွှေFM နှင့်ပတ္တမြား FMတို့မှထုတ်လွှင့်သောကြောင့် တစ်နိုင်ငံလုံး နားထောင်နိုင်ပါသည်။ ထို့အပြင်ဘေးအန္တရာယ်လျော့ပါးရေးအသိပညာပေး DVD ရုပ်သံကာတွန်းကိုမကြာခင်ကရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုအစီအစဉ်က ထုတ်ဝေခဲ့သဖြင့်စာမတတ်သူများအပါအဝင်ရပ်ရွာလူထုအားလုံး ကြည့်ရှုနိုင်ပါသည်။

ပုံ၁။ရာသီဥတုပြောင်းလဲခြင်းပြယပ်တောင်



ပုံ၂။ ရေလွှမ်းမိုးမှုအကြောင်းလက်ကမ်းစာစောင် (အပြင်စာမျက်နှာ)



## ကျောင်းအဆင့်တွင်ဘေးအန္တရာယ်လျော့ပါးရေး နှင့်အသိပညာတိုးပွား လုပ်ငန်းများလုပ်ဆောင်ခြင်း

ကျောင်းအဆင့်ဘေးအန္တရာယ်လျော့ပါးရေး အသိပညာတိုးမြင့်ပြန့်ပွားအောင်ဆောင်ရွက်ရာတွင် ကျောင်းအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးစီမံခန့် ခွဲမှုအစီအစဉ်အောက်တွင်အရေးကြီးဆုံးသော လုပ်ဆောင်မှုတစ်ခုပင်ဖြစ်သည်။ အစီအစဉ်၏ တိုက်ရိုက်အကျိုးခံရသူများမှာ စီမံချက်ပြုလုပ်ရန်ရွေးချယ်ထားသောကျောင်းများမှ ကျောင်းသူ/ သားများ၊ဆရာ/ မများနှင့် ကျောင်းအုပ်များဖြစ်ပြီးသွယ်ဝိုက်ပြီးအကျိုးခံစားခွင့်ရှိသူများမှာ မိဘများနှင့်ရပ်ကွက်သူ/ သားများပင်ဖြစ်ပါသည်။ ဘေးအန္တရာယ် ပညာပေးသတင်းအချက်များကို သွယ်ဝိုက်ပြီးအကျိုးခံစားခွင့်ရရှိသူများထံသို့ ဖြန့်ဝေရာတွင်ကျောင်းအတွင်းလုပ်ငန်းဆောင်တာများဖြစ်သော ဘေးအန္တရာယ်လျော့ပါးရေးနှင့်ဆိုင်သောစာစီစာကုံး၊ကဗျာနှင့်ပန်းချီပြိုင်ပွဲများ၊သဏ္ဍာန်တူသ ရုပ်ပြလေ့ကျင့်ခန်းများပြုလုပ်ပြီး ရပ်ရွာလူထုအားလာရောက်ကြည့်ရှုရန် ဖိတ်ခေါ်ပါသည်။ ပညာပေးအထောက်အကူပစ္စည်းများနှင့် ပတ်သက်၍စီမံချက်ပြုလုပ်ရန် ကျောင်း အခြေပြုဘေးအန္တရာယ်လျော့ပါးရေး လက်စွဲစာအုပ်(ကျောင်းအတွင်းဘေးအန္တရာယ်စီမံခန့်ခွဲ မှုပြင်ဆင်ရန်လုပ်ငန်းအဆင့်များ)၊မြေငလျင်ဘေး၊ မီးဘေး၊ မုန်တိုင်းဘေးနှင့် ရေလွှမ်းမိုးမှုဘေး၊မုတ်ရာသီဥတု စသောပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ရာသီဥတုပြောင်းလဲ မှုပြယပ်တောင်များနှင့်အန္တရာယ်နယ်မြေနှင့်ကစားနည်းနံပါတ်(၂)တို့ပါဝင်သော ကစားနည်းအိတ်တို့ကိုထည့်သွင်းဖြန့်ဝေထားပါသည်။ ကစားနည်း၂မျိုးစလုံးမှာအန္တရာယ်နှင့်အန္တရာယ်ကျရောက်နိုင်မှုနှင့်ပတ်သက်၍ကျောင်းသား/ သူများ၏ အသိပညာဗဟုသုတကိုအခြေခံ၍ပြင်ဆင်ထားသောကစားနည်းဖြစ်ပါသည်။ ၎င်းကစားနည်းများသည်အဓိကအားဖြင့်မှား/ မှန်စစ်ဆေးသော ညာဏ်စမ်းပဟေဠိမေးခွန်းများပါဝင်ပါသည်။ဘေးအန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ထိုအန္တရာယ်ကိုလျှော့ချရေးနှင့်ပတ်သက်၍လည်ကောင်း မည်မျှညာဏ်ရည်ညာဏ်သွေးဗဟုသုတရှိသည်ကိုဆန်းစစ်နိုင်ရန် အမှတ်ပေးဇယားပါထည့်သွင်းဖော်ပြထားပါသည်။ ကစားနည်းနံပါတ်(၂)မှာအန္တရာယ်လမ်းကစားနည်းနှင့်အလားသဏ္ဍာန်တူသော်လည်း ပိုမိုရှုပ်ထွေးသောမေးခွန်းများပါရှိပါသည်။

ပုံ၃။ ရေလွှမ်းမိုးမှုအကြောင်းလက်ကမ်းစာစောင် (အတွင်းစာမျက်နှာ)




## ကျွမ်းကျင်သူများအား ဘေးအန္တရာယ်လျော့ ပါးရေးနှင့်ပါတ်သက်၍ အသိပညာမြှင့်တင်ရေးလုပ်ငန်း များလုပ်ဆောင်ခြင်း

ဘေးအန္တရာယ်လျော့ပါးရေးကျွမ်းကျင်သူအဆင့်တွင် အသုံးပြုရန်မြန်မာနိုင်ငံကြက်ခြေနီအသင်းက မြို့နယ်အသင်းခွဲဆက်သွယ်ပြန်ကြားရေးလမ်းညွှန်စာအုပ်ကို၂၀၀၈ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ ၎င်းစာအုပ်သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဗဟို)ဌာနနှင့် မြို့နယ်အသင်းခွဲများမှ ဝန်ထမ်း များအတွက်လူထုပညာပေးလုပ်ငန်းများဆောင်ရွက်ရန်လမ်းညွှန်မှုများပေးထားပါသည်။ အရှေ့အာရှဒေသများအခြေအနေနှင့် လိုက်လျောညီထွေအောင်ပြင်ဆင်ထားသော ဘေးအန္တရာယ်လျော့ပါးရေးမူဘောင်၊ ဘေးအန္တရာယ်ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ(VCA) လမ်းညွှန် ၊ရပ်ရွာလူထုဘေးအန္တရာယ်လျော့ပါး ရေးစီမံခန့်ခွဲမှုလက်စွဲစာအုပ်များကို အပြည်ပြည်ဆိုင်ရာ ကြက် ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းက မြန်မာ ဘာသာနှင့်ထုတ်ဝေခဲ့ပြီးထိုစာရွက်စာတမ်းများကမြန်မာနိုင်ငံကြက်ခြေနီအသင်းမှဝန်ထမ်းများနှင့် နေရာဒေသအသီးသီးရှိကြက်ခြေနီစေနာ့လုပ်အားရှင်များ၏ နားလည်မှုနှင့် စိတ်ဝင်စားမှုကိုထိန်းသိမ်းထားပါသည်။

## ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်၏ အသိပညာမြှင့်တင်ရေးလုပ်ငန်းများ

### ရပ်ရွာ/ လူထုနှင့်အိမ်ထောင်စုအဆင့်တွင် အသိညာတိုးပွားမှုမြှင့်တင်ခြင်း

ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုအစီအစဉ်နှင့်နည်းတူစွာအိမ်ထောင်စုအဆင့်တွင် ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးကြိုတင်ပြင်ဆင်မှု အသိပညာဗဟုသုတတိုးပွားရန် သတိပြုနာလည်မှုမြှင့်တင်ရေးလုပ်

ပုံ၄။ ဘေးအန္တရာယ်ထိခိုက်လွယ်မှုနှင့်စွမ်းဆောင်ရည် အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန် (IFRC)



န်းများလုပ်ဆောင်ပေးခြင်းဖြင့်စီမံချက်လုပ်ရန် ဦးတည်ထားသော ကျေးရွာတိုင်းတွင်ပြည်သူလူထုအား ဆွေးနွေးပံ့ပိုးမှုပေးခြင်းဖြင့် ဘေးအန္တရာယ်မကျရောက်မီကျရောက်နေချိန်နှင့်ကျရောက်ပြီးချိန်တွင် သင့်တော်သောလုပ်ငန်းဆောင်တာများလုပ်ဆောင်နိုင်စေပါသည်။ ဘေးအန္တရာယ် လျော့ပါးရေးသတိပြုနားလည်မှုမြှင့်တင်ရေးလုပ်ငန်းများ(သို့) လှုံ့ဆော်မှု များတွင်ကစားနည်းများဖြစ်သည့် 'မုန်လာထုပ်ကစားနည်း' 'ကစာနည်း သေတ္တာ' များပါဝင်ပြီး အိမ်ထောင်စု၌ ဘေးအန္တရာယ်ကျရောက်မှုကြိုတင် ပြင်ဆင်ကာကွယ်ရေး ထားမှုအစီအစဉ်စာဆောင်များ၊ လုံခြုံစိတ်ချရသောအဆောက်အဦးများတည်ဆောက်ပုံ စာစောင်နှင့်သဘာဝဘေးအန္တရာယ်များဖြစ်သော မြေငလျင်၊ မီး၊ ရေလွှမ်းမိုးမှု၊ ဆိုင်ကလုံးမုန်တိုင်းစသည့်ကြိုတင်ပြင်ဆင်ကာကွယ်ရေးဗီနိုင်းပိုစတာ များကိုလည်းဖြန့်ဝေထားပါသည်။ အိမ်ထောင်စုအလိုက် ဘေးအန္တရာယ် ကျရောက်မှုကြိုတင်ပြင်ဆင်ကာကွယ်ရေး အစီအစဉ်စာစောင်တွင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မြေငလျင်၊မီး၊ရေလွှမ်းမိုးမှု၊ဆိုင်ကလုံးမုန်တိုင်းစသည့်များနှင့် သက်ဆိုင်သည့်အိမ်ထောင်စုအဆင့် ဘေးအန္တရာယ်လျော့ပါး ရေးစီစဉ်မှုပြုလုပ်ရန်စံနမူနာဖောင်ပုံစံ များပါဝင်ပါသည်။

ဘေးအန္တရာယ်လျော့ပါးရေးနှင့် ဆိုင်သောအသိပညာမြှင့်တင်ရေးများအပြင် ရွာခေါင်းဆောင်လူကြီးများအားလုံးကိုဖိတ်ခေါ်၍ ကနဦးသင်တန်းပေးရာ၌ပညာပေးစာစောင်များသည်သင်ထောက်ကူပစ္စည်းတစ်ခုအဖြစ်ပါဝင်ကာ ၄င်းစာဆောင်သည်ဘေးအန္တရာယ်အမျိုးအစားတိုင်းအတွက် မိသားစုအဆင့်ကြိုတင်ပြင်ဆင်ကာကွယ်မှုကို ရှင်းပြသင်ကြား မိတ်ဆက်ပေးပါသည်။ အစည်းအဝေး တက်ခွင့်မရလိုက်သော အိမ်ထောင်ဦးစီးများအတွက် သင်တန်းတက်လိုက်ရသော သူများ၏ကူညီပံ့ပိုးမှုဖြင့် ကျေးရွာဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတ (VDMC) ပိုင်စီမံချက်ပုံစံများကို နားလည်အသုံးပြုစေနိုင်ပါသည်။ ရပ်ရွာကရေးဆွဲထားသည့်လုပ်ငန်းအစီအစဉ်များအမှန်တစ်ကယ်လုပ်နိုင်မှုကိုစစ်ဆေးရန်အတွက်ရပ်ရွာဘေးအန္တရာယ် လျော့ပါးရေးစီမံခန့်ခွဲမှုကော်မတီကရပ်ကွဲထဲတွင် တိုင်းတာစစ်ဆေးရသည်။လက်တွေ့လုပ်ဆောင်ရမည့်လုပ်ငန်းများအတွက် သဏ္ဍာန်တူလေ့ကျင့်ခန်းများ ပြုလုပ်ရာ တွင် Table top simulation ဟုခေါ်ဆိုသောနည်းစနစ်ကိုအသုံးပြုပါသည်။ ထိုလေ့ကျင့်ခန်းတွင် ကော်မတီဝင်များနှင့်ကော်မတီအဖွဲ့ခွဲများကအဓိကပါဝင်လုပ်ဆောင်ပါသည်။ ထိုလုပ်ဆောင်ချက်ကိုအသိပညာမြှင့်တင်ရေးအဖြစ်ဆောင် ရွက်ရာ၌ရပ်ရွာသူ/ သားများကိုဖိတ်ခေါ်၍ လေ့လာကြည့်ရှုသူအဖြစ်တက်ရောက်စေပါသည်။ ထပ်ခါထပ်ခါလေ့ကျင့်မှုသည် လက်တွေ့လုပ်ငန်းများတွင်တွေ့ရသောအမှန်တစ် ကယ်လိုအပ်ချက်များပေါ် အခြေပြု၍လုပ်ဆောင်ပါသည်။ ဥပမာ–ပဲခူးတိုင်းအနောက်ဘက်ခြမ်းဒေသရှိမင်းလှ မြို့နယ်တွင်မီးဘေးသည် ၄င်းဦးတည်မြို့နယ်တွင်မကြာခဏ ဖြစ်ပွားသောအန္တရာယ်တစ်ခုဖြစ်သောကြောင့် မီးသတ်လေ့ကျင့်မှုပြုလုပ်ရာတွင် မီးသတ်ဦးဌာနနှင့်ပူးပေါင်း၍လုပ်ဆောင်ပါသည်။ ဘေးအန္တရာယ်လျော့ပါးရေးပညာပေးလှုပ်ရှားမှုများကိုရန်ကုန်တိုင်း ဒေသကြီးရှိမြို့နယ်(၅)မြို့နယ်တွင်ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဘေးအန္တရာယ်အကြောင်းအသိပညာမြှင့်တင်ခြင်းများကို ယခင်ဆောင်ရွက်ပြီးနှင့် လက်ရှိဆောင်ရွက်ဆဲစီမံချက်နေရာဒေသများထက်ကျယ်ပြန့်စွာ လုပ်ဆောင်လိုသောကြောင့်ဖြစ်သည်။ ပါဝင်လုပ်ဆောင်မှုနှုန်းမြင့်မားပြီး(လူဦးရေအနည်းဆုံး ၂၀၀၀ ဦး)လူထု၏စိတ်ဝင်စားမှုပြသခြင်းမှာ မှတ်သားစရာပင်ဖြစ်ပါသည်။

## ကျောင်းအဆင့်တွင် ဘေးအန္တရာယ်လျော့ပါးရေးနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေး

ကျောင်းအဆင့်ဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သည်ကျောင်းအုပ်များနှင့်ဆရာ/ မများ၏ အသိပညာဗဟုသုတမြှင့်မားလာစေရန်နှင့် သမားရိုးကျသင် ကြားနည်းနှင့်အတူ ခေတ်သစ်ပျော်ရွှင်စရာလုပ်ဆောင်မှုများကိုသုံး၍ ကျောင်းသူ/ သားများ၏ အသိပညာများမြှင့်တင်ပေးရန်ဖြစ်ပါသည်။ကျောင်းသူ/ သားများအတွက်ဘေးအန္တရာယ်လျော့ပါးရေးနှင့်ဆိုင်သောသတိပြုနားလည်မှုမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပြုလုပ်ပေးနိုင်ရန်ကျောင်းဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုလက်စွဲစာအုပ်၏ အကူအညီဖြင့်ကျောင်းအဆင့်

### မုန်လာထုပ်ကစားနည်းအကျဉ်းချုပ်ရှင်းလင်းချက်

ပါဝင်ကစားသူ ရပ်ရွာသူ/ သားများအား စက်ဝိုင်းပုံစံဝိုင်းပြီး ထိုင်စေပြီး 'မုန်လာထုပ်' ကိုတစ်ယောက်၏ လက်သို့ပေးပါသည်။ လက်ခုပ်များတီးလျှက် မိမိ၏ဘယ်ဘက်ရှိလူထံသို့မုန်လာထုပ်ကိုလက်ဆင့်ကမ်းပါသည်။ ဖြစ်မြောက်အောင်စီစဉ်သူကစက်ဝိုင်း၏နောက်ကျောပေးရပ်နေရာမှ 'ရပ်'ဟုအော်လိုက်သောအခါ ဂေါ်ဖီထုပ်ကိုကိုင်ထားသောသူကမေးခွန်းပါသောဂေါ်ဖီထုပ်၏ အပေါ်ဆုံးလွှာကိုခွာပြီးမေးခွန်းရေးသားထားသောအလွှာကိုရရှိပါသည်။သင်တန်းတွင်ပါဝင်ကူညီသူနောက်တစ်ယောက်ကလာ၍ မေးခွန်းကိုကူ၍ဖတ်ပြပြီးကစားသူကအဖြေဖြေဆိုပေးရပါသည်။ဤနည်းဖြင့်မေးခွန်းများကုန်သည်အထ ကစားကြပါသည်။ ဤကစားနည်းတွင်အချို့ပါဝင် ကစားသူများသည် မေးခွန်းတစ်ကြိမ်မကဖြေဆိုရမှုများရှိသည်။ကစားသူကမေးခွန်းမဖြေနိုင်သော်လည်းကိစ္စမရှိပါ။ ဖြေချင်သူအခြားတစ်ယောက်ရှိပါက၄င်းအားဖြေခွင့်ပေးပါသည်။အဘယ်ကြောင့်ဆိုသော်ကစားနည်း၏အဓိကအချက်မှာ ဘေးအန္တရာယ်လျော့ပါးရေးနှင့် ပတ်သက်သောမေးခွန်းနှင့် အဖြေများ ကိုပါဝင်ကစားသူများအချင်းချင်းဆွေးနွေးမှုပြုလုပ်ပေးရန်ဖြစ်ပါသည်။

### သေတ္တာကစားနည်းအကျဉ်းချုပ်ရှင်းလင်းချက်

သေတ္တာ ၂ ခုကိုပြင်ထားပြီး သေတ္တာတစ်ခုတွင် ကိန်းဂဏာန်းများပါသော (၁ မှ ၂၆ အထိ)စာရွက်များထည့်ပါ။ နောက်သေတ္တာတစ်လုံးတွင် ၄င်းကိန်းဂဏန်းများနှင့် တွဲရမည့်ပစ္စည်းကိုထည့်ပါ။ပါဝင်ကစားသူတစ်ယောက်အားဖိတ်ခေါ်၍ ပထမသေတ္တာမှ နံပါတ်တစ်ခုကိုနှိုက်ခိုင်းပါ။ ပြီးလျှင်၄င်းနံပါတ်နှင့် ယှဉ်တွဲသက်ဆိုင်နေသော ပစ္စည်းတစ်ခုကိုနှိုက်ခိုင်းပါ။ ပစ္စည်းများမှာ အိမ်သုံးပစ္စည်းများဖြစ်သည့် ဖယောင်းတိုင်၊ မီးခြစ်ဗူး၊ ခရာ၊ ဟင်းနမူနာ (သို့)ပစ္စည်းပုံပန်းချီကားချပ်(သို့) တစ်စုံ တစ်ခုပြုလုပ်နေပုံစသည်တို့ဖြစ်ပါသည်။ဦးဆောင်ကစားသူကမည်သည့် ပစ္စည်းဖြင့်ဘေးအန္တရာယ်များ(ရေလွှမ်းမိုးမှုဘေး၊မြေငလျင်ဘေး၊မီးဘေး၊ မုန်တိုင်းဘေး)တွင်ကူညီပေးပုံကိုရှင်းပြပါ။ ပန်းချီကား/ ပုံချပ်များကိုလည်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင် ကာကွယ်မှုများပြုလုပ်ခြင်း နှင့်ချိတ်ဆက်ပြီးရှင်းပြစေပါသည်။

ပုံ၅။ရေလွှမ်းမိုးမှုဘေး၊ မီးဘေး၊ မြေငလျင်ဘေးနှင့်မုန်တိုင်းဘေးအကြောင်းသိကောင်းစရာများကိုပြသောဗီနိုင်းပိုစတာ













လုပ်ငန်းစဉ်များကိုကျောင်းအုပ်ဆရာ/ မများနှင့်ဆရာ/ မများကိုမိတ်ဆက်လေ့ကျင့်ပေးထားပါသည်။ စီမံချက်လုပ်ငန်းများပြုလုပ်ရန်သတ်မှတ်ထားသောကျောင်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများတွင်သင်ကြားရေးအထောက်ကူပြုပစ္စည်းများဖြန့်ဝေပါသည်။

အချို့ပစ္စည်းများမှာကမ္ဘာ့ကုလသမဂ္ဂကလေးသူများရန်ပုံငွေအဖွဲ့ (UNICEF) ၊အာရှဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအဖွဲ့အစည်း (ADPC) ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အဖွဲ့ (UNDP) အစရှိသောအဖွဲ့အစည်းများထုတ်ဝေထားပြီးအချို့မှာအရှေ့တောင်အာရှနယ်မြေအတွင်းနှင့် ပြင်ပမှထုတ်ဝေသောပစ္စည်းများမှသင့်တော်သလိုပြင်ဆင်ထားပါသည်။ အသုံးပြုနေသောသင်ကြားရေးအထောက်ကူပစ္စည်းများသည် လူထုပါဝင်ဆောင်ရွက်မှုပျော်ရွှင်အောင်ဖန်တီးသောလုပ်ဆောင်မှုများနှင့်ဆက်စပ်နေပြီး ကလေးများအားသင်ကြားရာတွင်လွယ်ကူတတ်မြောက်စေရန် ကစားနည်းများ၊သီချင်းများ၊ ကဗျာများကိုအသုံးပြုပါသည်။ဘေးအန္တရာယ်လျော့ပါးရေးကစားနည်းများဖြစ်သောအန္တရာယ်နယ်မြေကစားနည်း (RLG) နှင့်ကစားနည်းနံပါတ်၂စာဆောင်များကိုကျောင်းများသို့လှူဒါန်း ပေးထားပြီးတတိယတန်းနှင့် စတုတ္ထတန်းကျောင်းသား/ သူများနှင့်မိတ်ဆက်ကစားစေပါသည်။ ထိုကစားနည်းများကို ဦးတည်ထားသောကျောင်းများတွင် ထိန်းသိမ်းထားရှိရာတစ်နှစ်နှင့်တစ်နှစ် တိုး၍ ကျောင်းရှိ ကျောင်းသား/သူများကို အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။ကျောင်းစီမံချက်များတွင် ပါဝင်သောလုပ်ငန်းများကိုနေသားတကျနှင့်ရှေ့ဆက်လုပ်ဆောင်နိုင်ရန် အကောင်းဆုံးသဏ္ဍာန်တူ လေ့ကျင့်ခန်း များပုံစံဖြင့်(ကျောင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့်အတူ) ကျောင်းသူ/ သားများ နှင့် ဆရာ/ မများကိုပါဝင်လုပ်ဆောင်စေပါသည်။ ၄င်းလုပ်ငန်းများကို အသိပညာပိုမိုပြန့်ပွားရေးအတွက် ရပ်ရွာလူကြီးများကို စေ့ငုံကြည့်လေ့လာသူများအဖြစ်ဖိတ်ခေါ်၍ပါဝင်စေပါသည်။ ထို့ပြင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်ဘေးအန္တရာယ်ကျရောက်မှုလျော့ပါးရေးဆိုင်ရာပညာပေးလုပ်ငန်းပါ (DPRE) နည်းအတိုင်း အသွင်တူလေ့ကျင့်ခြင်းသည်ကျောင်းသူကျောင်း သားများဗဟုသုတတိုးပွားရန်နှင့်ယင်းတို့လုပ်ဆောင်နိုင်သောအရေးပါသည့်လုပ်ငန်းစဉ်များကိုသတိထားမိစေရန်အတွက်အခွင့်အရေးတစ်ခုအဖြစ်အသုံးပြုနိုင်ပါ သည်။



ကျောင်းသူ/ သားများအန္တရာယ်လမ်းကစားနည်းကိုကစားနေကြပုံပုံ



## ကျွမ်းကျင်လုပ်ဆောင်သူများ၏ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာများကိုမြှင့်တင်ခြင်း

ကျွမ်းကျင်လုပ်ဆောင်သူများ၏ ဘေးအန္တရာယ်အသိမြှင့်တင်ခြင်းကိုအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အကြိုတ်အနယ်ဆွေးနွေးပွဲများ မှတဆင့် လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်တစ်နှစ်တည်းမှာပင် ဘေးအန္တရာယ်လျော့ချရေးအစီစဉ်သည် လူထုမှ သိရှိလက်ခံလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတွင်အောက်ပါအစီအစဉ်များကိုပြုလုပ်ခဲ့ပါသည်။ ဘေးအန္တရာယ်လျော့ချရေးဆွေးနွေးပွဲများ၊ အာရှဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးဌာနနှင့် ချိတ်ဆက်ထားသည့်ခရိုးရာဗဟုသုတခအေလုပ်ရုံဆွေးပွဲ၊အန္တရယ်လျော့ချရေး ပညာပေးလှုပ်ရှားမှုများ၊ စာစီစာကုန်းပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ချရေးနေ့ အခမ်းအနားတို့ကိုဘေးအန္တရာယ်လျှော့ချရေးအတွက်လုပ်ဆောင်နေသူများအချင်းချင်းအချက်အလက်များ နှင့်သတင်းများကိုဝေမျှဖလှယ်ခြင်းပြု လုပ်နိုင်ရန်စီစဉ်လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင်ဤအစီစဉ်မှအန္တရာယ်နယ်မြေ RLG၊ ကစားနည်း(၂)မျိုးပါစာအုပ်ငယ်၊ လူထုအခြေပြုဘေးအ န္တရာယ်ကြိုတင်ပြင ်ဆင်ရေးစာအုပ်ငယ်နှင့်မိသားစုလက်စွဲဘေးအန္တရာယ်လျော့ချရေးစာအုပ်ငယ်မ ျားကိုမြန်မာနိုင်ငံတွင်ဘေးအန္တရာယ်လျော့ချရေးလုပ်ဆောင်နေသောအဖွဲ့(၁၀)ဖွဲ့ ထက်မနည်းအဖွဲ့များအားဖြန့်ဝေခဲ့ပါသည်။ ဘေးအန္တရာယ်လျော့ချရေး လုပ်

ပုံ၆။ ကျောင်းအခြေပြုဘေးအန္တရာယ်လျော့ ပါးရေး လက်စွဲစာအုပ်






ငန်းများအစဉ်တည်တံ့စေရေးနှင့် အကျိုးသက်ရောက်မှုများတိုးချဲ့ရန်ရည် ရွယ်ပြီးသတ်မှတ်ဧရိယာပြင်ပတွင်လုပ်ကိုင်နေသူများကို လျော့ချရေးဆရာများ ကိုဤပစ္စည်းပစ္စယများဝေမျှခဲ့ ခြင်းဖြစ်ပါသည်။

## ကူညီထောက်ပံ့ပေးသောအကြောင်းအရာများ

- **ပညာပေးအထောက်အကူပစ္စည်းများရရှိနိုင်ခြင်း။** မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများမှ ထုတ်ဝေသောပညာပေးအထောက်အကူပစ္စည်းများ အလွယ်တကူရရှိအသုံးပြုနိုင်သောကြောင့် လူထုအသိပညာမြှင့်တင်ရေးလုပ်ငန်းများ လုပ်ရာတွင်လွန်စွာအကျိုးရှိပါသည်။ ၄င်းပညာပေးအထောက်အကူပစ္စည်းများရှိနေခြင်းသည် အကျိုးခံစားခွင့်ရှိသည့်အုပ်စုများ၏ လိုအပ်ချက်ကိုဖြည့်ဆည်း ပေးနိုင်ပြီး စီမံချက်လုပ်ငန်းစဉ်များစတင်သောအခါတွင် အသစ်ပြန် ထုတ်ဝေစရာမလိုသောကြောင့်အချိန်ကုန်သက်သာစေပါသည်။
- **ဒေသသုံးဘာသာစကားကိုအသုံးပြုခြင်း။** မြန်မာနိုင်ငံကြက်ခြေနီအသင်းမှထုတ်ဝေထားသော ပညာပေးအထောက်အကူပစ္စည်းများသည် ဒေသသုံးမိခင်ဘာသာစကားသို့ပြန်ဆို ပုံနှိပ်ထုတ်ဝေထားသောကြောင့် အောက်ခြေရပ်ရွာလူထုပိုမိုစိတ်ဝင် စားမှုရှိပါသည်။
- **ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း** ဒေသဆိုင်ရအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသောကြောင့် ဦးတည်ကျေးရွာများသို့ဝင်ရာတွင်လွယ်ကူချောမွေ့စေပါသည်။ လူထုအသိပညာပြန့်ပွားရေးလုပ်ငန်း လုပ်ဆောင်မှုများ၊ သဏ္ဍာန်တူလေ့ကျင့်ခြင်းများ၊ လေ့ကျင့်မှုများ လုပ်ဆောင်ရာတွင်ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက ၄င်းလုပ်ငန်းများ၏ အကျိုးကျေးဇူးရလဒ် များကိုသိရှိနားလည်ပြီးသားဖြစ်သောကြောင့်ခွင့်ပြုချက်များ ရယူရာတွင်အခက်အခဲများမရှိပေ။
- **ရပ်ရွာလူထု၏စိတ်အားထက်သန်မှု။** ယေဘုယျအားဖြင့်မြန်မာ လူမျိုးများသည်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ဗဟုသုတ တိုးပွားမှုကိုစိတ်ဝင်စားကြသည်။ ထိခိုက်ခံရမှုများပြားခဲ့သော နာဂစ်မုန်တိုင်းကြောင့်ပြည်သူများသည် မှတ်သားစရာတစ်ခုအဖြစ်ကျန်ရှိနေခဲ့ပြီးလူထု၏ဘေးအန္တရာယ်လျော့ပါးရေး အလေ့အထတစ်ခုပျိုးထောင်ရာတွင်လည်းအထောက်အကူပြုပါသည်။

## ရင်ဆိုင်ကြုံတွေ့ရသောအခက်အခဲများ

- တစ်ခါတစ်ရံ၌ပညာပေးအထောက်ကူပစ္စည်းများဝေငှရာတွင်မလုံလောက်မှုများကိုတွေ့ရပါသည်။(ဥပမာ–ရပ်ရွာလူထုအတွက်အိမ်ထောင်စုအလိုက်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားမှုအစီအစဉ် စာစောင်များအလုံအလောက်မရှိခြင်း ဖြစ်သည်။ အချို့သောကျေး ရွာမျ ား‌တွင်မည်သည့်ပိုစတာမှလက်ခံရရှ ခြင်းမဖရှိသေးပါ။ ထိုလိုအပ် ချက်များကိုလွတ်သွားသောအခွင့်အရေးများအဖြစ်သတ်မှတ်ပြီးပြန်လည်သုံးသပ်ပြီးသင့်တော်လျော်သောလုပ်ဆောင်ချက်များကိုရှာဖွေရန်လိုအပ် ပါသည်။
- ဘေးအန္တရာယ်လျော့ပါးရေးပညာပေး အထောက်အကူပစ္စည်းများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေးအဖွဲ့မှ တရားဝင်ထုတ်ပြန်ထားသော်လည်းဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ ထောက်ခံမှုရှိမရှိမှာမသေချာပါ။ ဤကဲ့သို့အတည်ပြုမှုရယူခြင်းသည်အရေးကြီးဆုံး အချက်တစ်ချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တရားဝင်အတည်ပြုမှုမရှိပါက အစိုးရကခြေပြုအဖွဲ့အစည်းများကို ထိုပညာပေးအထောက်အကူပစ္စည်းများဝေခြင်း နှင့်ပိုမိုကျယ်ပြန့်သောလူထုကို အသိပညာပြန့်ပွားခြင်း (သို့)ဆုံးဖြတ် ချက်ချနိုင်သောအာဏာပိုင်အရာရှိများနှင့် ထိတွေ့ညှိနှိုင်းမှုများတွင် နှောင့်နှေးကြန့်ကြာမှုများဖြစ်နိုင်သည်။
- ယခုလက်ရှိပညာပေးအထောက်အကူပစ္စည်းများသည် စာမတတ်သော သူများအတွက်အထောက် အကူမဖြစ်ပါ။ ပညာပေးအထောက်အကူပစ္စည်းများသည်လူထုအားလုံးအတွက်အသုံးဝင်သောပစ္စည်းများဖြစ် ရန်သေချာစွာစီစစ်ရန်လိုအပ်ပါသည်။

## သင်ခန်းစာရရှိမှုများနှင့်အကြံပြုချက်များ

- မိသားစုဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ထားမှု အစီအစဉ်စာစောင်ကဲ့သို့သောအချို့ပညာပေး အထောက်အကူပစ္စည်းများသည် ပြည့်ဝစွာအသုံးချခြင်းမခံရပါ။ တစ်ချို့နေရာဒေသများတွင်အိမ်တိုင်းစေ့ဝေပေးနိုင်ပြီးအချို့နေရာဒေသများတွင် မိုင်ငြမ်းစာအုပ်အနေဖြင့်သာအသုံးပြုကြသည်။ ထိုကဲ့သို့မတူညီမှုများကိုလေ့လာမှတ်သားပြီးပြင်ဆင်ချက်များလုပ်ဆောင်သင့်ပါသည်။

- အိမ်ထောင်စုအဆင့် အသိပညာပေးလုပ်ငန်းများသည်ပညာပေးအထောက်အကူပစ္စည်း (IEC materials) များဖြန့်ဝေခြင်းနှင့်ကြက် ခြေနီစေတနာ့ဝန်ထမ်းများ ကူညီထောက်ပံ့ခြင်းများနှင့်တွဲဖက် လိုက်ပါကအိမ်ထောင်စုများဘေးအန္တရာယ်ခံနိုင်ရည်ကိုပိုမိုအားကောင်းစေနိုင်ပါသည်။

- ဘေးအန္တရာယ်လျော့ပါးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်ပညာပေးအထောက်အကူပစ္စည်းများ၊ သတင်းအချက်အလက်များမျှဝေခြင်းဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ပုံရိပ်နှင့်အဆင့်အတန်းမြင့်မားလာစေပြီး တစ်ချိန်တည်းမှာပင်မြန်နိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းများမှာလည်းဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများနှင့် ပတ်သက်၍ စွမ်းဆောင်ရည်များမြင့်မားလာစေပါသည်။ တစ်ချိန်တည်းမှာပင်အစီအစဉ်များ၏အကျိုးသက်ရောက်မှုကို သတ်မှတ်ထားသောပြင်ပနေရာများအထိချဲ့ထွင်နိုင်ပြီးအစီအစဉ်၏ စဉ်ဆက်မပြတ်အောင်မြင်မှုများကိုလည်းအားပေးနိုင်မည်ဖြစ်ပါသည်။

- ရခိုင်ပြည်နယ်ကဲ့သို့သောနေရာမျိုးတွင် ဆိုင်ကလုံးတိုက်ခတ်မှုနှင့်ရေလွှမ်းမိုးမှုမကြာခဏဖြစ်ပွားမှုကြောင့် ၄င်းဒေသတွင်နေထိုင်သောမိဘပြည်သူများအတွက်ကြို တင်ကာကွယ်မှုများလုပ်ရန်နှိုးဆော်ရာတွင် အလွယ်တကူလက်ခံကြသော်လည်းဘေးအန္တရာယ်ကျရောက်မှုနည်းသောနေရာတွင် နေထိုင်သောပြည်သူလူထုအနေဖြင့်မူကြိုတင်ပြင်ဆင်မှု လုပ်ဆောင်ရန်နှိုးဆော်ရာတွင်ပိုခက်ခဲသည်ကိုတွေ့ရှိရပါသည်။

- စာမဖတ်တတ်သူများကိုဦးတည်သော ပညာပေးအထောက်အကူပစ္စည်းများ ပိုမိုထုတ်ဝေရန်လိုအပ်ပါသည်။ အသိပညာပေးလုပ်ငန်းများတွင် DVD ခွေများကို အသုံးပြုခြင်းပညာပေးအထောက် အကူပစ္စည်းများတွင် စာသားများအစား ကာတွန်းပုံများဖြင့်ပြသခြင်း စသည်ဖြင့် ထုတ်ဝေပြဌာန်းရန်အကြံပြုထားပါသည်။

## ကျမ်းကိုးစာရင်း


အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၂၀၁၁၊ဘေးအန္တရာယ်ကျရောက်မှုလျော့ချရေးနှင့်ပတ်သက်သောလူထုအသိပညာပြန့်ပွားရေးနှင့်လူထုပညာပေးခြင်းလမ်းညွှန်။အောက်ပါအင်တာနက်စာမျက်နှာတွင်ထုတ်ယူဖတ်ရှုနိုင်ပါသည်။
http://www.preventionweb.net/files/globalplatform/entry_bg_paper~302200publicawarenessddrguideen.pdf

- မြန်မာနိုင်ငံကြက်ခြေနီအသင်းဘေးအန္တရာယ်စီမံခန့်ခွဲမှုမူဝါဒ ၂၀၁၀
- မြန်မာနိုင်ငံကြက်ခြေနီအသင်းမဟာဗျူဟာလုပ်ငန်းအစီအစဉ် ၂၀၁၁ – ၂၀၁၅
- မြန်မာနိုင်ငံကြက်ခြေနီအသင်းလုပ်ငန်းအစီအစဉ်စံနှုန်း

**ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်လက်တွေ့ဆောင်ချက်များသည်မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ဦးတည်ချက်တစ်ရပ်ဖြစ်သောမြန်မာနိုင်ငံအတွင်းရှိဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများတွင်မှီတင်း နေထိုင်နေကြကုန်သောရပ်ရွာနေပြည်သူပြည်သားများတွင်ဘေးအန္တရာယ် ကျရောက်မှုလျော့ပါးစေရန် ရည်ရွယ်၍ လုပ်ဆောင်နေသော လက်တွေ့လေ့လာခြင်းဖြစ်သည်။**

ဤဖြစ်ရပ်များသည်မြန်မာနိုင်ငံရှိမြို့နယ်၃၉မြို့နယ်မှ ခရိုင်ငယ်ကြီး ၇ ခုတွင် အမှန်တစ်ကယ်ကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံ၊ ကောင်းမွန်သော လက်တွေ့လုပ်ဆောင်ချက်နှင့် ပြန်လည်လေ့လာဆန်းစစ်သုံးသပ်ချက်များကို စီစစ်ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။ အဆိုပါအစီအစဉ်တွင်ကျေးလက်နှင့်မြို့ပြဒေသများတွင် ဘေးအန္တရာယ်လျော့ပါးရေးအသိပညာ ဗဟုသုတများတိုးပွားစေခြင်း၊စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်း၊ (နိုင်ငံတော်အဆင့်ဘေးအန္တရာယ်တုန့်ပြန်ရေးအဖွဲ့၊အရေးပေါ်တုန့်ပြန်၊ပြန်ကြားရေးအဖွဲ့)၊စေတနာ့ဝန်ထမ်းများမွေးထုတ်ပေးခြင်း၊ကျောင်းအခြေပြုကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် များကိုတသားတည်းထည့်သွင်းစဉ်းစားခြင်းစသည့်လုပ်ငန်းတာများပါဝင်သည်။ဤလုပ်ငန်းစဉ်မှတ်တမ်းများသည်နောင်တစ်ကြိမ်ပြန်လည်အသုံးချရာတွင်သင်ထောက်ကူပစ္စည်းများ၊ ကိုးကားချက်များအနေဖြင့် ပြန်လည်အသုံးပြုခြင်းသည် အကောင်းဆုံးအရာများဖြစ်သည်။ ဤလက်တွေ့လေ့လာမှုများသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းကအပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့်မိတ်ဖက်ကြက်ခြေအနီအသင်းများဖြစ်သော ပြင်သစ်ကြက်ခြေနီအသင်း၊ ကနေဒါယန်းကြက်ခြေနီအသင်းနှင့်အမေရိကန်ကြက်ခြေနီအသင်းတို့၏အကူအညီဖြင့် ရပ်ရွာလူထုအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ဖွဲ့စည်းပုံကိုအစကနဦးအနေဖြင့်မြန်မာနိုင်ငံအတွက် လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။


အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤလိပ်စာဖြင့်ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာဇသင်္ဂဟလမ်းကြီး၊ ဒက္ခိဏသီရိ၊ နေပြည်တော်**

**ဖုန်း(+၉၅) ၀၆၇ ၄၁၉၀၁၇ – လိုင်းခွဲ ၂၂၀**

**ဖက် (+၉၅) ၀၆၇ ၄၁၉၀၁၇**


ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းဖွဲ့စည်းပုံကနဦးစတင်ဆောင်ရွက်ခြင်းတို့ကိုအောက်ပါမိတ်ဖက်ကြက်ခြေနီအသင်းတို့၏ အကူအညီဖြင့်ဆောင်ရွက်ပါသည်။

International Federation of Red Cross and Red Crescent Societies — အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း

croix-rouge française — ပြင်သစ်ကြက်ခြေနီအသင်း

CANADIAN RED CROSS — ကနေဒီယန်းကြက်ခြေနီအသင်း

American Red Cross — အမေရိကန်ကြက်ခြေနီအသင်း

CBDRR Framework is facilitated by

adpc Asian Disaster Preparedness Center